
ပန်းခြင်းနီနီ
ဇနီးချောလေး
ချစ်လာစေဖို့ရာ
(စာစဉ်-၇)

အပိုင်း ၇။

ဇနီးချောလေးချစ်လာစေဖို့ရာ

အခန်း ၆၁။

"မစ္စတာဟော်"

သူမ သူ့ကိုမြင်တော့ လန့်သွားတယ်။ ဟော်လီချန်၏ အေးစက်စက်အသံက....

"မင်းရေကူးရတာကြိုက်လား"

သူ့အသံကထွေ့ငွေ့မှုအပြည့်ပဲ။ ယန်ဝမ် နည်းနည်းတော့ စိတ်ဆိုးသွားတယ်။ သို့ပေမဲ့ သူမအခုက ရေကူးဝတ်စုံနဲ့ ရေကန်ထဲမှာရှိနေတယ်။ သူမတကယ်အခက်တွေ့ရတဲ့ ကိစ္စပဲ။ ထို့ကြောင့် မူကျီကို အမြန်ပြောလိုက်တယ်။

"ငါ့ကိုမြန်မြန်လွှတ်ပါ"

မူကျီ မကျေမနပ်ဖြစ်သွားတယ်။ ယန်ဝမ်ကိုကြည့်တဲ့ ဟော်လီချန်ရဲ့ အကြည့်ကို သူမကြိုက်ဘူး။ ယန်ဝမ်နဲ့ သူကအခုဆို ခိုးလုပ်ရတဲ့ အရာတစ်ခုလို ခံစားရတယ်။

မူကျီ၏ မလှုပ်မယှက်ရှိနေမှုကြောင့် ယန်ဝမ် နောက်တစ်ကြိမ်ပြောရသည်။

"မူကျီ ငါ့ကိုမြန်မြန်လွှတ်လိုက်"

အခု သူမကို မူကျီက ပွေ့ဖက်ထားတာရယ် ဟော်လီချန်ရဲ့ အန္တရာယ်

အကြည့်တွေရယ်ကြောင့် စိတ်ရှုပ်နေရ၏။

မူကျိုကစိတ်မသက်မသာနဲ့ ယန်ဝမ်ကို ကန်ဘောင်နားအထိ လိုက်ပို့ပြီး သူက ကန်ဘောင်လက်တန်းကိုကိုင်၍ တက်လိုက်၏။ ယန်ဝမ် ကန်ဘောင်ပေါ် ရောက်သွားပေမယ့် တစ်ကိုယ်လုံး ရေတွေရွဲနေတယ်။ ဒါတွေကို ဂရုမစိုက်အားပဲ ဟော်လီချန်အနားကို သွားဖို့လုပ်တော့ ခြေချော်သွားတယ်။

"အား..."

သူမ ခန္ဓာကိုယ်ကိုမထိန်းနိုင်ပဲ လဲကျတော့မှာဖြစ်၍ ကြောက်သွားတယ်။

"သတိထား..."

မူကျိုကချက်ချင်း ရေထဲခုန်ချကာ ယန်ဝမ်ကို ကူညီဖို့ အဆင့်သင့်ရှိနေတယ်။ ဒါပေမဲ့ ထိုအချိန်မှာပဲ ဟော်လီချန်၏ တုံ့ပြန်မှုကမြန်တယ်။ မြန်ဆန်စွာနဲ့ ခြေတစ်လှမ်းရှေ့တိုးပြီး ယန်ဝမ်၏ ခါးကိုဆွဲဖက်ထားလိုက်သည်။

မူကျိုကတော့ ရေထဲမှာ ကြောင်တောင်တောင် ဖြစ်နေ၏။ ဟော်လီချန်ရောက်လာကတည်းက လူတွေတိတ်ဆိတ်နေမှုဟာ ယခုလိုမြင်ကွင်းကြောင့် ပို၍ တိတ်ဆိတ်သွားတယ်။ မမျှော်လင့်ထားကြဘဲ အလွန်ချောတဲ့ အမျိုးသားနှစ်ယောက်က ယန်ဝမ်ကို ကူညီဖို့ ပြေးလွှားနေတယ်။ ဘယ်လောက်ကံကောင်းလိုက်သလဲ။ သူတို့လည်း ပြုတ်ကျချင်နေတယ်။ ယန်ဝမ်၏ ခန္ဓာကိုယ်က ဟော်လီချန်၏ခန္ဓာနဲ့ ကပ်နေသည်။ အင်္ကျီနဲ့ကာထားပေမယ့် သူမရှက်နေတယ်။ သူမက သူ့ရင်ခွင်မှ မြန်မြန်ထွက်ပြီး...

"တောင်းပန်ပါတယ် ကျွန်မ မရည်ရွယ်ပါဘူး"

သူ့အင်္ကျီပေါ်က ရေကွက်ကိုမြင်ပြီး ယန်ဝမ် ပို၍အားနာသွားသည်။ သူမ၏ ခြားနားသော တုံ့ပြန်မှုကို ဟော်လီချန် မျက်ဝန်းတွေက ခပ်မှိန်မှိန်နဲ့ ကြည့်လိုက်သည်။

သူဒီကိုရောက်တော့ သူမဟာ မူကျီရဲ့ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ သတိမရဘဲ သူ့နဲ့ကျတော့ ချက်ချင်းခွဲထွက်သွားတယ်။ ရုတ်တရက် ဒေါသကထောင်းခနဲထွက်လာပြီး ယန်ဝမ် လက်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လိုက်၏။ သူ၏ သန်မာသော အင်အားထဲက ရုန်းမထွက်နိုင်ဘဲ သူ၏ အတင်းအကျပ်ဆွဲခေါ်ရာနောက်ကို ကတိုက်ကရိုက်နဲ့ လိုက်ပါသွားသည်။

"မစ္စတာဟော် ရှင်ဘယ်ကိုခေါ်သွားနေတာလဲ"

ယန်ဝမ်သည် ရေကူးဝတ်စုံနဲ့မို့ မေးလိုက်တယ်။ ဟော်လီချန် ပြန်မဖြေဘဲ ရှည်လျားသော ခြေတံတွေက အဝတ်လဲခန်းဆီ လျှောက်သွား၏။ အထဲမှာ ဘယ်သူမှမရှိဘူး။

"ဘမ်း..."

ဆိုသောအသံနဲ့ ယန်ဝမ်ကို ဟော်လီချန်က ဗီရိုနဲ့ကပ်အောင် တွန်းပစ်လိုက်၏။

သူမ၏ ပခုံးများကိုဖိထားပြီး မြင့်မားသောသူ့အရပ်က ယန်ဝမ်ကို ဖုံးကွယ်ပစ်လိုက်သည်။

ထို့နောက် ကြမ်းရှသော အနမ်းတွေ သူမကို ပေးလိုက်တယ်။

"အင်း.."

ယန်ဝမ် မျက်ဝန်းတွေက ထိတ်လန့်တကြား ပြူးကျယ်သွားသည်။ သူမသည် မျက်စိရှေ့က အလွန်တရာမှ ချောသည့် အမျိုးသားကို မြင်နေရသည်။

ဟော်လီချန် ဘာလုပ်တာလဲ။ သူမသည် သူ့ထံမှ ရုန်းကန်တွန်းထုတ်လာတော့ ပို၍ဒေါသထွက်လာပြီး အနမ်းတွေလည်း ကြမ်းသထက်ကြမ်းလာ၏။ နှုတ်ခမ်းဖျားထက်မှာ ဓားတစ်ချောင်းရောက်နေသလို ပူထူ၍ နာကျင်နေသည်။

ယန်ဝမ် နာကျင်ရမှာကိုကြောက်၍ ကြောင်ခွန်အားသာရှိသော သူမအား လေးနှင့် ဟော်လီချန်ကို ထုရိုက်တွန်းတိုးလိုက်သောအခါ ဟော်လီချန်သည် အနမ်းကိုရပ်တန့်ပြီး နောက်သို့ဆုတ်ကာ သူမကို စူးစိုက်၍ ကြည့်လာလေ၏။

ယန်ဝမ်သည် သူ့အားဝမ်းနည်းမှုအပြည့်ရှိသော မျက်ဝန်းတွေနဲ့ကြည့်လိုက်ပြီး....

"မစ္စတာဟော်၊ အခု ရှင်ဘာတွေလုပ်နေတာလဲ သိရဲ့လား"

"နမ်းနေတာလေ..."

ဟော်လီချန်က အေးစက်စက်နဲ့ အမှန်တိုင်းပဲဖြေသည်။

ယန်ဝမ်သည် နှုတ်ခမ်းမှ နာကျင်မှုကြောင့် ဦးနှောက်တွေက ဒေါသထွက်ဖို့ နိုးကြွစေသည်။ ဒါကို သူဘယ်လိုလုပ်နိုင်ရသလဲ။ ယန်ဝမ် အံကြိတ်လိုက်ပြီး...

"မစ္စတာဟော် ငါတို့ကျရည်းစားအတု၊ ငါတို့ရဲ့ စေ့စပ်ပွဲက တစ်လနေရင် အပြီးသတ်တော့မှာ"

သူမ၏မျက်ဝန်းတွေမှာ ဘယ်သောအခါမှ သူနဲ့ရှေ့ဆက်ရန်မလိုလားပဲ စေ့စပ်ပွဲကို ဖျက်သိမ်းဖို့သာရှိတဲ့ ခံစားချက်အကြည့်တွေ ရှိတယ်။ ဟော်လီချန်၏ မျက်နှာက ပို၍တင်းမာသွားပြီး သူ့လေသံမှာ ခေါင်းမာမှုအချို့ရှိလေ၏၊

"အဲဒီတော့ ဘာဖြစ်သလဲ၊ အခုက တစ်လမပြည့်သေးဘူး အခုမင်းက ငါ့ရဲ့စေ့စပ်ထားသူအဖြစ် ရှိနေဆဲပဲ"

ယန်ဝမ် စိတ်မကောင်းဖြစ်သွားတယ်။

"ဒါကမမှန်ဘူး၊ ရှင် ဒီလိုလုပ်ခွင့်မရှိဘူး"

"ယန်ဝမ်"

ဟော်လီချန်သည် ယန်ဝမ်ကို နက်နဲသော မျက်ဝန်းတွေနဲ့ စိုက်ကြည့်လိုက်သည်။

"မင်းကငါ့ရဲ့စေ့စပ်ထားသူ၊ ငါမင်းကိုဘာမဆိုလုပ်နိုင်တယ်၊ ငါ့စိတ်ကိုစိန်လာမခေါ်နဲ့၊ ဒီလိုမှမဟုတ်ရင် နောက်တစ်ကြိမ်မှာ နမ်းရုံနဲ့ပြီးသွားမှာမဟုတ်ဘူး"

သူသည် သူနဲ့ပတ်သက်ပြီး သူမဘက်က လျစ်လျူရှုတာ တိတ်တဆိတ်နေတာကို သည်းခံနိုင်ပေမယ့် တခြားယောကျ်ားတစ်ယောက်နဲ့ ရှိနေတာကိုတော့ လုံးဝလက်မခံ သည်းမခံနိုင်ဘူး။

ယန်ဝမ်သည် စိတ်ရှုပ်ထွေးသော အခြေနေမှာ တောင့်တောင့်ကြီးရပ်နေ၏။ သူတို့နှစ်ဦးသဘောတူထားတဲ့ စာချုပ်မှာ ဒီလိုလုပ်ဖို့မပါပေ။ ဘယ်သူမှမမြင်ရသော အဝတ်လဲခန်း၏ တောင့်တစ်နေရာမှာ အိုနိုယာသည် ယန်ဝမ်နှင့် ဟော်လီချန်၏ စကားကို တိတ်ဆိတ်စွာ နားထောင်နေသည်။

သူတို့က စေ့စပ်ပွဲအတုလုပ်ထားတာလား။

ဟော်လီချန် ထွက်သွားတော့ ယန်ဝမ်က အဝတ်လဲခန်း၏ ခုံမှာတစ်ယောက်တည်း ထိုင်လိုက်သည်။ သူမနှုတ်ခမ်းကလည်း နာနေပြီး နှလုံးတစ်ခုလုံးကလည်း အောင့်နေ၏။

သူမနဲ့ ဟော်လီချန်တို့က အတုယောင်စုံတွဲအဖြစ် သဘောတူခဲ့ကြပေမယ့် ယခုနောက်ပိုင်း သူတို့ဟာ ပို၍ ပို၍ရှုပ်ထွေးလာကြတယ်။

"ကလောက်... ကလောက်"

ပေါ့ပါးသော ခြေသံထွက်လာသည်။ ယန်ဝမ် မော့ကြည့်တော့ မူကျီကိုမြင်

လိုက်၏။ မူကျိုက သူမကို ရှုပ်ထွေးသော မျက်ဝန်းတွေနဲ့ကြည့်ပြီး....

"မင်း အဆင်ပြေရဲ့လား"

သူမက ခေါင်းခါလိုက်ပြီး....

"အဆင်ပြေတယ်"

သူမပြုံးပြပြီး အဝတ်စားယူရန် ဗီရိုဆီ ထသွားလိုက်သည်။ သူမ ဒီမှာ ဆက်နေဖို့ အစီစဉ် မရှိတော့ဘူး။

"မူကျို ဒါရိုက်တာကော်ကို ပြောပေးပါလား၊ ငါအရင်ပြန်ပြီလို့"

မူကျို မျက်မှောင်ကြုတ်လိုက်ပြီး ချက်ချင်းပင် ယန်ဝန် လက်ကောက်ဝတ်ကို ဆွဲကိုင်ကာ ရှေ့တိုးလိုက်၏။

"မင်းနဲ့ ဟော်လီချန်ရဲ့ ဆက်ဆံရေးကဘာလဲ"

ဤကာလအတွင်း သူတို့ရဲ့ဆက်ဆံက အရမ်းထူးဆန်းတယ်။ မမေးဘူး၊ မမေးချင်ဘူးဟု စိတ်ထိန်းထားသော်လည်း မရလို့မေးလိုက်တယ်။ ပြီးတော့ ဒီနေ့ရဲ့ ဟော်လီချန်ရဲ့ လုပ်ပုံကိုမြင်ပြီး လျစ်လျူမရှုထားနိုင်တော့ဘူး။

ယန်ဝမ်သည် နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ထားပြီး ခဏတာမျှ တွေးတောကာ....

"ဒါကနည်းနည်းရှုပ်ထွေးတယ်"

မူကျိုကလက်မလွှတ်ဘဲ....

"ဒါဆို မင်းနဲ့သူက ချစ်သူတွေလား"

ယန်ဝမ် သည် ခေါင်းခါ၏။ သူမနဲ့ ဟော်လီချန်က ဒီစကားလုံးတွေနဲ့ လားလားမှ မသက်ဆိုင်ဘူး။ မူကျို ရင်ထဲတင်းကျပ်နေသော ခံစားမှုက ပြေလျော့သွားပြီး သူ့မျက်နှာပေါ်မှာ တောက်ပသော အပြုံးကို တင်လိုက်သည်။

သူ့လက်တစ်ဖက်က ယန်ဝမ် ခေါင်းပေါ်ရောက်သွားပြီး ဖွဖွလေး ပွတ်လိုက်ကာ.....

"မင်းပြန်မှာလား၊ အရင်ပြန်လေ ငါနောက်က လိုက်ခဲ့မယ်"

ယန်ဝမ်က မူကျိုကိုကြည့်ပြီး စိတ်ထဲမှာ သူကဘယ်လောက်သဘောကောင်းလိုက်သလဲဟု တွေးမိလေသည်။

***